**THE STATE EDUCATION DEPARTMENT /**
**THE UNIVERSITY OF THE STATE OF NEW YORK / ALBANY, NY 12234**

**Lissette Colon-Collins, Assistant Commissioner | Office of Bilingual Education and World Languages**

55 Hanson Place, Room 594
Brooklyn, New York 11217
Tel: 718-722-2445   Fax: 718-722-2459

89 Washington Avenue, Room 528EB
Albany, New York 12234
Tel: 518-474-8775   Fax: 518-474-7948

# နယူးယောက်ပြည်နယ် အင်္ဂလိပ်ဘာသာသင်ယူသူများအတွက်

# မိဘများ၏ အခွင့်အရေးကြေငြာချက်

နယူးယောက်ပြည်နယ် ပညာရေးဌာန ကော်မရှင်နာ လုပ်ထုံးလုပ်နည်းများ အပိုင်း 154 (New York State Education Department (NYSED) Commissioner Regulations Part 154) အရ - အင်္ဂလိပ်ဘာသာ သင်ယူသူများ (English Language Learners (ELLs)) ၏ မိဘ/အုပ်ထိန်းသူများအား ခွင့်ပြုပေးထားသည်မှာ

1. သင့်ကလေး၏ ပြည်ဝင်ခွင့်အခြေအနေ (ဥပမာ - သင့်မိသားစုဝင်များသည် နိုင်ငံသား၊ ပြောင်းရွှေ့အခြေချသူများ သို့မဟုတ် စာရွက်စာတမ်းမရှိသူများ) နှင့် သင်သို့မဟုတ် သင့်ကလေး သုံးစွဲသည့် ဘာသာစကား မည်သို့ပင် ရှိသည်ဖြစ်စေ သင်နေထိုင်ရာ ဒေသတွင်းရှိကျောင်းတွင် သင့်ကလေးသည် အခမဲ့ပညာရေးကို သင်ယူခွင့်ရှိပါသည်။
2. သင် သို့မဟုတ် သင့်ကလေး၏ ပြည်ဝင်ခွင့်အခြေအနေကို ဖော်ပြသော စာရွက်စာတမ်း သို့မဟုတ် အချက်အလက်များကို ပေးအပ်ရန် မလိုဘဲ သင့်ကလေးကို ကျောင်းအပ်ခွင့် ရှိပါသည်။ သင်၏ လူမှုဖူလုံရေးကဒ် (social security card) သို့မဟုတ် နံပါတ်၊ ပြည်ဝင်ခွင့်ဗီဇာ သို့မဟုတ် ဗီဇာအခြေအနေ၊ သို့မဟုတ် နိုင်ငံသားစာရွက်စာတမ်း သို့မဟုတ် နိုင်ငံသားအခြေအနေတို့ကို အသိပေးဖြေကြားရန် မလိုပါ။
3. ဖက်ဒရယ်ဥပဒေအရ အဓိကကျသော အခြေအနေများတွင် ကျောင်းနယ်နှင့် ပြောဆိုဆက်ဆံရန် သင်ဆန္ဒရှိသည့် ဘာသာစကားအတွက် စကားပြန်/ဘာသာပြန် တောင်းဆိုခွင့် ရှိပါသည်။
4. သင့်ကလေးအား ဘာသာစကားနှစ်မျိုးပညာရေး (Bilingual Education (BE)) အစီအစဉ်တွင် သင်ယူခွင့်၊ ထိုအစီအစဉ်တွင် တူညီသော မိခင်/မူလ ဘာသာစကားကို ပြောဆိုသည့် အတန်းနေအဆင့်ကျောင်းသား 20 သို့မဟုတ် ထို့ထက်ပို ပါဝင်ပါသည်။ [1]
5. သင့်ကလေးအား အင်္ဂလိပ်ဘာသာသင်ယူသူများ (ELLs) အနေဖြင့် သင့်ကလေးအား အသိမှတ်ပြုထားရာမှ ဘာသာစကားနှစ်မျိုးပညာရေး သို့မဟုတ် အင်္ဂလိပ်ဘာသာကို ဘာသာစကားအသစ်အဖြစ် (English as a New Language) (ယခင်က အင်္ဂလိပ်ဘာသာကို ဒုတိယဘာသာစကားအဖြစ် (English as a Second Language) ဟုခေါ်ဝေါ်) အစီအစဉ်တွင် ပြောင်း လဲ သင်ယူစေရာတွင် အသိပေးစာကို အင်္ဂလိပ်ဘာသာနှင့် သင်နှစ်သက်ရာ ဘာသာစကားဖြင့် ထုတ်ပြန်ခွင့်။ [2]

6. ကျောင်းနယ်မှ စီစဉ်ပေးပြီး အင်္ဂလိပ်ဘာသာသင်ယူသူများ (ELLs) အတွက် ပြည်နယ်စံနှုန်းများ၊ စာမေးပွဲများနှင့် ကျောင်း၏ မျှော်မှန်းချက်များ၊ ဘာသာစကားနှစ်မျိုးပညာရေးနှင့် အင်္ဂလိပ်ဘာသာကို ဘာသာစကားသစ်အဖြစ် သင်ယူသော အစီအစဉ်တို့အတွက် အကြိုမိတ်ဆက်သော အရည်အသွေးမြင့် ပညာရေးတွင် ပါဝင်ခွင့်။ အဆိုပါ အကြိုမိတ်ဆက်ပွဲသည် နောက်ဆုံးကျောင်းအစီအစဉ် နေရာချထားမှု မတိုင်မီတွင် ကျင်းပရမည်ဖြစ်ပြီး သင်နှစ်သက်သော ဘာသာစကားဖြင့် ဖြစ်ရပါမည်။

7. သင့်ကလေး၏ အင်္ဂလိပ်ဘာသာစကားတိုးတက်မှု၊ ဘာသာစကားနှစ်မျိုးပညာရေး အစီစဉ်တွင် ပါဝင်နေပါက မိခင်ဘာသာကစားတိုးတက်မှု အခြေအနေတို့ကို သိရှိခွင့်။

8. သင့်ကလေး၏ အလုံးစုံသင်ယူမှုနှင့် ဘာသာစကားတိုးတက်မှု အခြေအနေတို့ကို ဆွေးနွေးရန် အခြားသော ပုံမှန်အစည်းအဝေးများအပြင် ကျောင်းဝန်ထမ်းများနှင့် အနည်းဆုံး တစ်နှစ်တစ်ကြိမ် တွေ့ဆုံခွင့်။

9. ကျောင်းအပ်ပြီး 10 ရက်အတွင်း သင့်ကလေးအား ဘာသာစကားနှစ်မျိုးပညာရေး သို့မဟုတ် အင်္ဂလိပ်ဘာသာကို ဘာသာစကားသစ်အဖြစ် သင်ယူသော အစီအစဉ်တွင် သင်ယူစေခွင့် ၊ ဘာသာစကားနှစ်မျိုးပညာရေးအစီစဉ်ကို ရွေးချယ်ခွင့်။ အနည်းဆုံးအားဖြင့် သင့်ကလေးသည် အင်္ဂလိပ်ဘာသာကို ဘာသာစကားသစ်အဖြစ် သင်ယူသော အစီအစဉ်အတွက် လမ်းညွှန်ချက်များ ရရှိမည်ဖြစ်သည်။

10. သင့်ကလေး၏ မူလကျောင်းသည် သင့်ဘာသာစကားနှင့် သင်ပေးသော ဘာသာစကားနှစ်မျိုးပညာရေးကို မစီစဉ်ပေးပါက သင့်ဒေသအတွင်းရှိ အဆိုပါအစီအစဉ် သင်ကြားပေးသော အခြားကျောင်းသို့ သင့်ကလေးကို ပြောင်းရွှေ့ထားခွင့်။

11. အခြားကျောင်းသားများအတွက် ရနိုင်သော ကျောင်း၏ အစီအစဉ်အားလုံးနှင့် ဘွဲ့လက်မှတ်ရရှိရေးအတွက် အသက်နှင့် အတန်းအလိုက်လိုအပ်သော သင့်လျော်သော အစီအစဉ်များအပါအဝင် ကျောင်းမှစီစဉ်ပေးသော အစီအစဉ်များနှင့် ဝန်ဆောင်မှုများအားလုံးကို သင့်ကလေးမှ သာတူညီမျှ ရရှိခွင့်။

12. ပညာရေးအဆင့်တူတွင်ရှိနေသော အခြားကလေးများကဲ့သို့ပင် အင်္ဂလိပ်ဘာသာစကားနှင့် အခြားဘာသာရပ်များဖြစ်ကြသော အနုပညာ၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ် စသည်တို့တွင် စာဖတ်ခြင်း/သင်ယူခြင်းတို့အတွက် ပင်မလမ်းညွှန်ချက်များအားလုံးကို သင့်ကလေးမှ ရယူခွင့်။ အင်္ဂလိပ်ဘာသာသင်ယူသူ (ELL) ဝန်ဆောင်မှုအတွက် အကျုံးဝင်ခြင်းသည် ပင်မလမ်းညွှန်ချက်များကို ရယူရန်အတွက် အကန့်အသတ်မဖြစ်စေပါ။

13. သင်ရိုးညွှန်းတမ်းပြင်ပ ဆောင်ရွက်ချက်များ (ကျောင်းချိန်ပြင်ပကလပ်၊ အားကစား စသည်ဖြင့်) ကို သင့်ကလေးမှ အပြည့်အဝ ရရှိခွင့်။ အင်္ဂလိပ်ဘာသာသင်ယူသူ (ELL) ဝန်ဆောင်မှုအတွက် အကျုံးဝင်ခြင်းသည် သင်ရိုးညွှန်းတမ်းပြင်ပ ဆောင်ရွက်ချက်များ ရယူရန်အတွက် အကန့်အသတ်မဖြစ်စေပါ။

14. ကျောင်း/ဒေသမှ ကျောင်းသားအားလုံးအတွက် ပံ့ပိုးပေးသည် ကြားဖြတ်အစီအစဉ်များနှင့် ကိုယ်ညီသည့် ပံ့ပိုးမှုအစီအစဉ် (ဥပမာ - ပညာရေးကြားဖြတ်ဝန်ဆောင်မှုများ) ကို သင့်ကလေးမှ ရယူခွင့်။

15. အင်္ဂလိပ်ဘာသာစကားတိုးတက်မှုကို သိရှိရန် နှစ်စဉ် စာမေးပွဲဖြေဆိုခွင့်၊ နယူးယောက်ပြည်နယ် စာမေးပွဲများ အပါအဝင် ပညာရေး စာမေးပွဲများမှ သင့်ကလေး၏ စွမ်းဆောင်ရည်ဆိုင်ရာ အချက်အလက်ကို ရယူခွင့်။

16. သင့်ကလေးကို အင်္ဂလိပ်ဘာသာသင်ယူသူများ (ELLs) အနေဖြင့် ရှိနေစဉ်တွင် တစ်နှစ်ပြီးတစ်နှစ် ဘာသာစကားနှစ်မျိုးပညာရေး သို့မဟုတ် အင်္ဂလိပ်ဘာသာကို ဘာသာစကားသစ်အဖြစ် သင်ယူသော အစီအစဉ် (English as a New Language) တွင် သင်ယူခွင့်။

17. အထက်ဖော်ပြပါ ရပိုင်ခွင့်များထဲမှ တစ်ခုခုကို ဖောက်ဖျက်ခြင်းခံရပါက နယူးယောက်ပြည်နယ် ပညာရေးဌာန၏ ဘာသာစကားနှစ်မျိုးပညာရေးနှင့် ကမ္ဘာ့ဘာသာစကားများရုံး (New York State Education Department's Office of Bilingual Education and World Languages) သို့ တိုင်ကြားခွင့်။

ကျေးဇူးပြုပြီး **အင်္ဂလိပ်ဘာသာသင်ကြားသူများ၏ မိဘများ အရေးပေါ်ဖုန်းလိုင်း (ELL Parent Hotline)** သို့ **1-800-469-8224** မှတစ်ဆင့် ဆက်သွယ်ပါ သို့မဟုတ် nysparenthotline@nyu.edu သို့ အီးမေးလ်ပို့ပါ။

အသေးစိတ်သိရှိရန် **www.p12.nysed.gov/biling** တွင် လေ့လာပါ
သို့မဟုတ် စာရေးဆက်သွယ်ရန်-

New York State Education Department
Office of Bilingual Education & World Languages
55 Hanson Place, Room 594
Brooklyn, New York 11217

[1] နယူးယောက်မြို့တွင် အကဲစ်ပီးယားသဘောတူညီချက် (Aspira Consent Decree) အရ အကယ်၍ ဆက်တိုက်အတန်းနှစ်ခုတွင် 15 ဦး သို့မဟုတ် ထို့ထက်ပိုသော အတန်းတူ ကျောင်းသားများသည် တူညီသော ဘာသာစကားကိုသာ ပြောဆိုပါက ဘာသာစကားနှစ်မျိုးပညာရေး (BE) အစီအစဉ်ကို K-8 တွင် လိုအပ်ပါသည်။ ကျောင်းအတွင်း လိုအပ်သော ကျောင်းသားအရေအတွက် မရှိသော်လည်း နယ်အတွင်းတွင် ကျောင်းသာအရေအတွက် ပြည့်မှပါက ထိုကျောင်းနယ်သည် ဘာသာစကားနှစ်မျိုးပညာရေးကို စီစဉ်ပေးရပါမည်။

[2] အားလုံးသော အင်္ဂလိပ်ဘာသာသင်ယူသူများ (ELLs) သည် သူတို့၏ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအား "အင်္ဂလိပ်ဘာသာကို ဘာသာစကားအသစ်အဖြစ်" သင်ယူသော အစီအစဉ်တွင် တိုးတက်အောင် ပြုလုပ်ကြပါသည်။ အဓိကဘာသာရပ်များ (ဥပမာ- သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်များ) ကို ဘာသာစကားနှစ်မျိုးပညာရေးတွင် အင်္ဂလိပ်ဘာသာနှင့် မိခင်ဘာသာစကား *နှစ်မျိုးစလုံး* ဖြင့် သင်ကြားပေးပါသည်။ ဘာသာစကားနှစ်မျိုးပညာရေးတွင် မပါဝင်သူများသည် အဓိက ဘာသာရပ်များကို *အင်္ဂလိပ်ဘာသာဖြင့်* သင်ယူကြပါသည်။